# (၆-၂-၂၀၂၃ မှ ၁၀-၂-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

## အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၆-၂-၂၀၂၃ မှ ၁၀-၂-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူး တစ်ပိဿာ ဈေးနှုန်းများမှာ (၆-၂-၂၀၂၃) တွင် ဗန်းမော်အာလူး ကျပ် ၂၁၀၀၊ တရုတ်အာလူး(သဲသီး) ကျပ်၂၄၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဗန်းမော်အာလူး ကျပ် ၅၀ နှင့် တရုတ်အာလူး(သဲသီး) ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကား စီးရေ ၃၆ စီး (၂၁၆၀၀၀ ပိဿာ ) ဝင်ရောက် ခဲ့ကြောင်း သိရသည်။

## ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက် လျက်ရှိရာ (၆-၂-၂၀၂၃ မှ ၁၀-၂-၂၀၂၃ ) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ( တစ်ပိဿာ ) ဈေးနှုန်းများမှာ (၆-၂-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၁၁၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၁၅၀၀၊ မြစ်သားရှယ် ကျပ် ၁၇၀၀၊မြစ်သားလတ်ကြီး ကျပ် ၁၉၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၀၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၀၊ မြစ်သားရှယ် ကျပ် ၄၀၀၊မြစ်သားလတ်ကြီး ကျပ် ၄၀၀၊ မြစ်သားလတ်သန့် ကျပ် ၄၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၃၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ကားစီးရေ ၁၇၀ စီး (၁၀၂၀၀၀၀ပိဿာ) ခန့် ဝင်ရောက် ခဲ့ကြောင်း သိရသည်။

## ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ( ၆-၂-၂၀၂၃ မှ ၁၀-၂-၂၀၂၃ )အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၆-၂-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၃၇၀၀ အောင်ပန်း ထူး-၂ ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၇၀၀၊ အောင်ပန်းထူး-၄ ကျပ် ၆၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း ထူး-၂ ကျပ် ၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင် သို့ ကြက်သွန်ဖြူအိတ်ရေ ၁၈၀၀ ( ၅၄၀၀၀ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

SWT (Domestic)